# 2022 ခွင့်ပြုထားသော လယ်သမား သဘောတူညီချက်

သက်ကြီးရွယ်အိုများအတွက် လယ်သမားများဈေး အာဟာရ အစီအစဉ် Senior Farmers Market Nutrition Program (SFMNP) သည် အောက်ပါတို့အတွက် ဖြစ်သည်-

- ဝင်ငွေနည်းသော အသက်ကြီးပိုင်း ပါဝင်သူများအတွက် လယ်သမားများဈေးနှင့် လမ်းဘေးဈေးဆိုင်များမှ လတ်ဆတ်သော၊ အာဟာရပြည့်ဝသော၊ ထုပ်ပိုးထားခြင်း မရှိသော၊ ဒေသတွင်း စိုက်ပျိုးသော သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ဆေးဘက်ဝင်အပင်များနှင့် ပျားရည် အစရှိသည့် အရင်းအမြစ်များ ထောက်ပံ့ပေးရန်။
- ပြည်တွင်း စိုက်ပျိုးရေး ထုတ်ကုန်များ စားသုံးမှုကို တိုးမြင့်စေရန်။
- လက်ရှိ ဈေးများကို အထောက်အကူပြုပြီး ထပ်မံဖွင့်လှစ်သော လယ်သမား ဈေးအသစ်များနှင့် လမ်းဘေး ဈေးဆိုင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ် သို့မဟုတ် ကူညီပေးရန်။

SFMNP လက်အောက်တွင် ခွင့်ပြုချက် ရရှိလိုသော လယ်သမားများ အနေဖြင့် အောက်ပါ သတ်မှတ်ချက်များ ပြည့်မီရန် လိုအပ်သည်။

- အောက်ပါကောင်တီ တစ်ခုနှင့်အထက်တွင်ရှိသော လယ်သမားဈေး၊ လမ်းဘေးဈေးဆိုင် သို့မဟုတ် စိုက်ခင်းဈေးဆိုင်တွင် ရောင်းချခြင်း။

| **သက်ကြီးရွယ်အိုများအတွက် လယ်သမားများဈေး အာဟာရ အစီအစဉ် (SFMNP)** |
|---|
| Allen, Anderson, Atchison, Barton, Bourbon, Brown, Butler, Clay, Cloud, Chase, Cherokee, Cheyenne, Coffey, Cowley  Crawford, Decatur, Dickinson, Doniphan, Douglas, Ellis, Ellsworth, Finney, Franklin, Geary, Harvey, Hodgeman, Jackson, Jefferson, Jewell, Johnson, Labette, Leavenworth, Linn, Lincoln, Lyon, Marion, Marshall, McPherson, Miami, Mitchell, Morris, Nemaha, Neosho, Norton, Osage, Ottawa, Pawnee, Pottawatomie, Prairie Band Potawatomie Nation, Rawlins, Reno, Republic, Rice, Riley, Saline, Sedgwick, Shawnee, Sheridan, Sherman, Stafford, Sumner, Thomas, Wabaunsee, Washington, Wilson, Wyandotte |

- Kansas ပြည်နယ် သို့မဟုတ် Missouri, Oklahoma, Colorado သို့မဟုတ် Nebraska ပြည်နယ်များရှိ Kansas ပြည်နယ်နှင့် တိုက်ရိုက်ထိစပ်နေသော အခြားကောင်တီများတွင် စိုက်ပျိုးထုတ်လုပ်သည့် လတ်ဆတ်သော အသီး၊ ဟင်းသီးဟင်းရွက်၊ လတ်ဆတ်စွာ လှီးဖြတ်ထားသော ဆေးဘက်ဝင်အပင်များနှင့် ဒေသထွက်ပျားရည် အစရှိသည့် စားသောက်ကုန်များ ရောင်းချခြင်း။
- ဒေသတွင်း စိုက်ပျိုးထားခြင်း ဖြစ်လျှင်ပင် အခြားသူများမှ စိုက်ပျိုးထားသော ကုန်ပစ္စည်းများကို သီးခြား ရောင်းချခွင့် မရှိပါ။
- Kansas ကျန်းမာရေးနှင့် သဘာဝ ပတ်ဝန်းကျင် ဦးစီးဌာန Kansas Department of Health and Environment (KDHE) မှ စီစဉ်ကျင်းပသည့် ပြန်လှန်တုံ့ပြန်နိုင်သော သင်တန်းများကို လူကိုယ်တိုင်ဖြစ်စေ (ဒေသတွင်း အလုပ်ရုံ ဆွေးနွေးပွဲများ)၊ အွန်လိုင်း webinar မှဖြစ်စေ တက်ရောက်ရမည်။ စီစဉ်ထားသော သင်တန်းများ၏ နေ့စွဲနှင့် တည်နေရာများကို သိရှိရန် kdheks.gov/SFMNP သို့သွားပါ။ ထပ်ဆောင်း သင်တန်းနေ့စွဲများကို ထည့်သွင်းနိုင်သဖြင့် အခြား သင်တန်းရက်စွဲတစ်ခုကို တောင်းခံရန် Sarah.Sumner@ks.gov သို့မဟုတ် Courtney.Koenig@ks.gov ကိုဆက်သွယ်ပါ။

အကယ်၍ အထက်ပါ သတ်မှတ်ချက်များအားလုံး ပြည့်မီပါက အောက်ပါသဘောတူညီချက်ကို **အင်္ဂလိပ်ဘာသာဖြင့်** ပြည့်စုံစွာ ဖြည့်စွက်ပါ။

*ကျေးဇူးပြု၍ အောက်ပါ စာမျက်နှာကို အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာ ဖြည့်စွက်ပါ။*

**ဆက်သွယ်ရန် အချက်အလက်**

လယ်သမား အမည်- ______________________________________________

လုပ်ငန်း အမည်- ______________________________________________

စာပို့ရန်လိပ်စာ- ______________________________________________

မြို့- ______________ ပြည်နယ်- _____ စာပို့သင်္ကေတ- ________ကောင်တီ-______________

အီးမေးလ်- ______________________________________________________________________

တယ်လီဖုန်း-_____________________________________________________________________

**အထွေထွေ အချက်အလက်များ**

| | |
|---|---|
| KDHE မှ ဦးဆောင်ကျင်းပသော ပြန်လှန်တုံ့ပြန်နိုင်သည့်သင်တန်းကို 2022 ခုနှစ်တွင် တက်ရောက်ခဲ့ပြီးပြီလား? သင်တန်းဟုဆိုရတွင် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲများ သို့မဟုတ် တိုက်ရိုက်အွန်လိုင်း webinar များ ပါဝင်သည်။ (ဆလိုက်များကို ကြည့်ရှုခြင်း မပါဝင်ပါ။) | ဟုတ် သို့မဟုတ် မဟုတ် (တစ်ခုကို ဝိုင်းပါ) |
| ဆလိုက်များကို ကြည့်ရှုခြင်း နှင့်/သို့မဟုတ် webinar ဗီဒီယိုကို ကြည့်ရှုနားထောင်ခြင်း ပြုခဲ့ပါသလား? | ဟုတ် သို့မဟုတ် မဟုတ် (တစ်ခုကို ဝိုင်းပါ) |
| SFMNP တွင် သင်ဒီနှစ်မှ ပထမဆုံး ပါဝင်ခြင်း ဖြစ်ပါသလား? | ဟုတ် သို့မဟုတ် မဟုတ် (တစ်ခုကို ဝိုင်းပါ) |
| ယခင်နှစ်က လယ်သမား ဖြစ်ခဲ့ပါက သင်၏ SFMNP အိုင်ဒီ နံပါတ်ကို ရေးပါ? | ______________ |
| သင့်တွင် KDHE မှထုတ်ပြန်သော လက်မှတ်/ဆိုင်းဘုတ် အနည်းဆုံး တစ်ခု ရှိပါသလား? | ဟုတ် သို့မဟုတ် မဟုတ် (တစ်ခုကို ဝိုင်းပါ) |
| သင့်တွင် SFMNP ဆိုင်းဘုတ် မည်မျှ လိုအပ်သနည်း? | ______________ |

SFMNP သတ်မှတ်ချက်နှင့် ပြည့်မီသော မည်သည့်ထုတ်ကုန်ကို သင်ရောင်းချမည်နည်း?

_________________________________________

_________________________________________

*ကျေးဇူးပြု၍ အောက်ပါ စာမျက်နှာကို အင်္ဂလိပ် ဘာသာဖြင့် ပြည့်စုံစွာ ဖြည့်စွက်ပါ။*

**လယ်သမားများဈေး အချက်အလက်များ**

၂၀၂၁ ခုနှစ်တွင် သင်ရောင်းမည့် လယ်သမားများဈေး နှင့်/သို့မဟုတ် လမ်းဘေးဈေးဆိုင် အားလုံး၏စာရင်းကို ဖော်ပြပါ။ **ဤအချက်အလက်များကို ပေးအပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် သက်ကြီးရွယ်အိုများကို သူတို့၏ SFMNP ချက်လက်မှတ်များအား အသုံးပြုနိုင်သည့် နေရာများသို့ လမ်းညွှန်နိုင်ရန် ကူညီပေးပါသည်။** ပြီးခဲ့သည့်နှစ်က စာရင်းဝင် လယ်သမားများဈေး/စိုက်ခင်းဈေးဆိုင်/လမ်းဘေးဈေးဆိုင်များ 110 ကျော် ရှိခဲ့ပါသည်။ <u>သက်ကြီးရွယ်အိုများအား မှန်ကန်သော သတင်းအချက်အလက်များ ပေးနိုင်ရန် သင်၏ဈေးဆိုင်များဖွင့်မည့် နေ့ရက်များ၊ ရက်စွဲများနှင့် အချိန်များကို တတ်နိုင်သမျှ တိတိကျကျ ဖော်ပြပေးပါ။</u>

**လယ်သမားများဈေး 1**

အမည် ______________________

လိပ်စာ ______________________

မြို့ ______________________

ကောင်တီ ______________________

စာပို့သင်္ကေတ ______________________

ဆိုင်ဖွင့်မည့် နေ့ရက်/ရက်စွဲနှင့် အချိန် ______________________

**လယ်သမားများဈေး 2**

အမည် ______________________

လိပ်စာ ______________________

မြို့ ______________________

ကောင်တီ ______________________

စာပို့သင်္ကေတ ______________________

ဆိုင်ဖွင့်မည့် နေ့ရက်/ ရက်စွဲနှင့် အချိန် ______________________

**လယ်သမားများဈေး 3**

အမည် ______________________

လိပ်စာ ____________________

မြို့ ____________________

ကောင်တီ ____________________

စာပို့သင်္ကေတ ____________________

ဆိုင်ဖွင့်မည့် နေ့ရက်/ ရက်စွဲနှင့် အချိန် ____________________

**ကျွန်ုပ်တို့၏ လမ်းညွှန်တွင် သင်၏ အိမ်၌ဖွင့်ထားသော ဈေးဆိုင်ကို ထည့်သွင်းစေလိုပါက ယခုအပိုင်းကို <u>မဖြစ်မနေ</u> ဖြည့်သွင်းရမည်။**

**အိမ်ဆိုင်**

လိပ်စာ ____________________

မြို့ ____________________

ကောင်တီ ____________________

စာပို့သင်္ကေတ ____________________

အထူးညွှန်ကြားချက်များ ____________________

____________________

အထူးညွှန်ကြားချက်များတွင် ဖုန်းနံပါတ်များ၊ ဆိုင်ဖွင့်သည့် လများ သို့မဟုတ် ဆိုင်သို့မရောက်ခင် အော်ဒါကြိုတင် မှာယူရန် အဆင့်များ အစရှိသည်တို့ကို ဖြည့်စွက်နိုင်ပါသည်။
(လယ်သမားဈေးများ ထပ်မံ စာရင်းသွင်းလိုပါက ထပ်ဆောင်းစာမျက်နှာကို ထည့်သွင်းပေးပါ)

**သဘောတူညီမှု ကာလ - ဇန်နဝါရီ 1 – နိုဝင်ဘာ 30၊ 2022ခုနှစ်**

ယခု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းဖြင့် လယ်သမားသည် အောက်ပါတို့ကို သဘောတူပါသည်။

1. KSFMNP ၏ ဖက်ဒရယ်စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာပါမည်။
2. ပြန်လှန်တုံ့ပြန်နိုင်သောသင်တန်း တက်ရောက်ပြီးကြောင်း ဝန်ခံကတိပြုပါသည်။
3. KSFMNP ချက်လက်မှတ်များအတွက် သတ်မှတ်ချက်နှင့် ပြည့်မီသော အစားအစာများကိုသာ ရောင်းချပါမည်။
4. လယ်သမားများဈေး သို့မဟုတ် လမ်းဘေးဈေးဆိုင်တွင် ရောင်းသည့်အခါ SFMNP ဆိုင်းဘုတ် ချိတ်ဆွဲထားပါမည်။
5. ပါဝင်သူများအား သတ်မှတ်ချက်နှင့် ပြည့်မီသော အစားအစာများကို အခြားဈေးဝယ်သူများမှ ပေးရသည့် ဈေးနှုန်းနှင့် တူညီသောဈေးနှုန်း သို့မဟုတ် လျှော့ဈေးဖြင့် ရောင်းချရန်နှင့် ပါဝင်သူများကို အခြားဈေးဝယ်သူများနှင့်ထပ်တူ ယဉ်ကျေးစွာဆက်ဆံပါမည်။

6. ပြည်သူ့အခွင့်အရေး လမ်းညွှန်ချက်များ အားလုံးကို လိုက်နာပါမည်။
7. KSFMNP ချက်လက်မှတ်များကို အကျုံးဝင်သော သက်တမ်းကာလ ရက်စွဲများအတိုင်း လက်ခံပြီး KDHE မှသတ်မှတ်ထားသော ခွင့်ပြုကာလအတွင်း ငွေထုတ်ယူရန် ထိုချက်လက်မှတ်များကိုတင်ပြပါမည်။
8. အချိန်မီ ငွေထုတ်ယူခြင်းမပြုမီ ချက်လက်မှတ်များ အားလုံးကို သော့ခတ်ထားသော သေတ္တာအတွင်း လုံခြုံစွာ သိမ်းထားပါမည်။
9. ချက်လက်မှတ်များ အားလုံးကို လယ်သမား ID တံဆိပ်တုံးဖြင့်ထုပြီး ငွေပေးသွင်းမှု ပြုလုပ်သည့်အခါ သင့်လျော်စွာ ထောက်ခံမှု ပြုလုပ်ပါမည်။
10. USDA ၏လိုအပ်ချက်အရ KSFMNP စည်းမျဉ်းများကို လိုက်နာမှု ရှိမရှိ KDHE မှ သိသိသာသာ သို့မဟုတ် လျှို့ဝှက်စွာ စောင့်ကြည့်စစ်ဆေးခြင်းကို လက်ခံပါသည်။ အထူးသဖြင့် ပထမဆုံးနှစ် ရောင်းချသူများကို စောင့်ကြည့်ခံရနိုင်ကြောင်း သတိပြုပေးပါ။
11. ချက်လက်မှတ်၏ တန်ဖိုးထက်နည်းသော ပမာဏဖြင့် ဝယ်ယူမှုများအတွက် ငွေသားပြန်အမ်းခြင်း မပြုပါ။ KSFMNP ချက်လက်မှတ်ဖြင့် ဝယ်ယူမှုများအတွက် အခွန်ကောက်ခံခြင်း မပြုပါ။
12. အစားအစာနှင့် အာဟာရ ဝန်ဆောင်မှု (Food and Nutrition Service) အစီရင်ခံစာများအတွက် KDHE က လိုအပ်ခြင်းရှိနိုင်သည့် အချက်အလက်များကို ပေးပါမည်။
13. ဝန်ထမ်းများ၏ လုပ်ရပ်များအတွက် တာဝန်ယူပါမည်။
14. ဤသဘောတူညီချက်ကို ချိုးဖောက်ကာ အသုံးပြုခဲ့သော မည်သည့်ချက်လက်မှတ်အတွက်မဆို KDHE အား ငွေပေးချေပါမည်။
15. ခွင့်ပြုထားသော ကာလမကုန်မီ လယ်သမားသည် လုပ်ငန်းလည်ပတ်မှုကို ရပ်တန့်ပါက KDHE သို့ အကြောင်းကြားပါမည်။
16. ပြည်နယ်အေဂျင်စီမှ ပေးအပ်ထားခြင်း မဟုတ်သော ကူပွန်များအတွက် ပါဝင်သူများထံမှ နစ်နာကြေးရယူခြင်း မပြုရပါ။

**စည်းကမ်းချိုးဖောက်မှုများ**

သဘောတူညီထားသော KSFMNP မူဝါဒများကို လိုက်နာခြင်းမရှိပါက အောက်ပါတို့ကို လုပ်ဆောင်ပါမည်။

အဆင့် 1 စည်းကမ်းချိုးဖောက်မှု- သတိပေး အကြောင်းကြားစာ

အဆင့် 2 စည်းကမ်းချိုးဖောက်မှု- စည်းကမ်းချိုးဖောက်ကြောင်း သတိပေးစာနှင့် ပေးအပ်ထားသော သတင်းအချက်အလက်များကို နှုတ်ဖြေစစ်ဆေးခြင်းနှင့်အတူ တယ်လီဖုန်းဖြင့် နည်းပညာ အထောက်အကူပေးခြင်း

အဆင့် 3 စည်းကမ်းချိုးဖောက်မှု- အစီအစဉ်မှ ဆိုင်းငံ့ခြင်း

လေ့ကျင့်ရေး သင်တန်းတစ်ခုကို တက်ရောက်ခဲ့ပြီးပါပြီ သို့မဟုတ် Kansas ပြည်နယ် သက်ကြီးရွယ်အိုများအတွက် လယ်သမားများဈေး အာဟာရ အစီအစဉ်/လယ်သမားများဈေး အာဟာရအစီအစဉ်၏ စည်းမျဉ်းများနှင့် မည်သို့ လုပ်ကိုင်ကြောင်း အသေးစိတ်ဖော်ပြထားသော တင်ဆက်မှုကို ကြည့်ရှုလေ့လာပြီးပါပြီ။ ကျွန်ုပ်သည် ဤစည်းမျဉ်းများကို လိုက်နာရန် သဘောတူပြီး စည်းကမ်းဖောက်ဖျက်ခြင်းအတွက် အစီအစဉ်မှ ငွေပေးချေမှု မရရှိခြင်း၊ အစီအစဉ်မှ ဆိုင်းငံ့ခြင်း နှင့်/သို့မဟုတ် ထုတ်ပယ်ခြင်း ခံရနိုင်သည်ကို ကျွန်ုပ်သိရှိနားလည်ပါသည်။

လယ်သမား အမည် (ရှင်းလင်းစွာရေးပါ)- ____________________________________

လယ်သမား လက်မှတ်- ____________________________________________

KSFMNP မန်နေဂျာ လက်မှတ်- ________________________________________

ဖြည့်စွက်ပြီးသော လျှောက်လွှာကို
အောက်ပါ လိပ်စာသို့ စာပို့ပါ သို့မဟုတ် ဖက်စ်ပို့ပါ။

Sarah Sumner, SFMNP Administrative Assistant
Kansas Department of Health and Environment
1000 SW Jackson Street, Suite 230
Topeka, KS 66612

သို့မဟုတ် ဖြည့်စွက်ထားသော လျှောက်လွှာကို အောက်ပါ
အီးမေးလ်သို့ ပို့ပါ။

Sarah.Sumner@ks.gov

ဖက်ဒရယ် ပြည်သူ့အခွင့်အရေး ဥပဒေများနှင့် အမေရိကန် စိုက်ပျိုးရေးဌာန (USDA) ၏ ပြည်သူ့အခွင့်အရေး စည်းမျဉ်းများနှင့် မူဝါဒများအရ USDA၊ ၎င်း၏အေဂျင်စီများ၊ ရုံးများနှင့် ဝန်ထမ်းများ၊ USDA အစီအစဉ်များတွင် ပါဝင်သော သို့မဟုတ် စီမံသော အဖွဲ့အစည်းများသည် USDA မှ စီစဉ်သော သို့မဟုတ်

ငွေကြေးထောက်ပံ့ထားသော မည်သည့်အစီအစဉ် သို့မဟုတ် လုပ်ဆောင်မှုတွင်မဆို လူမျိုး၊ အသားအရောင်၊ မွေးဖွားရာဇာတိ၊ လိင်၊ မသန်စွမ်းမှု၊ အသက် သို့မဟုတ် ယခင်ပါဝင်ခဲ့သော ပြည်သူ့အခွင့်အရေး လှုပ်ရှားမှုများအတွက် လက်စားချေခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်း အစရှိသည့် ခွဲခြားဆက်ဆံမှုများကို တားမြစ်ထားပါသည်။

မသန်စွမ်းသူများအနေဖြင့် အစီအစဉ် သတင်းအချက်အလက်အတွက် အခြားဆက်သွယ်ရေး နည်းလမ်းများ (ဥပမာ - မျက်မမြင်စာ၊ စာလုံးကြီးဖြင့် ပုံနှိပ်ထားသော စာရွက်စာတမ်းများ၊ အသံဖိုင် တိပ်ခွေ၊ အမေရိကန် အချက်ပြဘာသာစကား စသည်) တို့ကို လိုအပ်ပါက အကျိုးခံစားခွင့် လျှောက်ထားသည့် အေဂျင်စီ (ပြည်နယ် သို့မဟုတ် ဒေသတွင်း) ကို ဆက်သွယ်သင့်သည်။ နားမကြားသော သို့မဟုတ် အကြားအာရုံ အခက်အခဲရှိသော သို့မဟုတ် စကားပြောဆိုရန် မသန်စွမ်းသူများသည် Federal Relay Service ဖုန်းနံပါတ် (800) 877-8339 မှတစ်ဆင့် USDA သို့ ဆက်သွယ်နိုင်ပါသည်။ ထို့အပြင် အစီအစဉ်၏ သတင်းအချက်အလက်များကို အင်္ဂလိပ်ဘာသာအပြင် အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။

ခွဲခြားဆက်ဆံခံရမှုအတွက် တိုင်ကြားလိုပါက USDA အစီအစဉ် ခွဲခြားဆက်ဆံခံရမှု တိုင်ကြားခြင်း ဖောင်ပုံစံ (AD-3027) ကို မည်သည့် USDA ရုံးတွင်မဆို သို့မဟုတ် အွန်လိုင်းလိပ်စာ- https://www.usda.gov/sites/default/files/documents/USDA-OASCR%20P-Complaint-Form-0508-0002-508-11-28-17Fax2Mail.pdf တွင် ရယူပြီး ဖြည့်စွက်နိုင်ပါသည်။ သို့မဟုတ် USDA သို့လိပ်မူပြီး ဖောင်ပုံစံတွင် တောင်းခံထားသော အချက်အလက်များကို စာဖြင့်ပေးပို့နိုင်ပါသည်။ တိုင်ကြားခြင်း ဖောင်ပုံစံ မိတ္တူတစ်စောင် တောင်းခံလိုပါက ဖုန်းနံပါတ် (866) 632-9992 သို့ ဖုန်းခေါ်ဆိုပါ။ ဖြည့်စွက်ထားသော ဖောင်ပုံစံ သို့မဟုတ် စာလွှာကို အောက်ပါနည်းလမ်းများဖြင့် USDA သို့ တင်သွင်းနိုင်ပါသည်-

(1) စာတိုက်လိပ်စာ- U.S. Department of Agriculture
Office of the Assistant Secretary for Civil Rights
1400 Independence Avenue, SW
Washington, D.C. 20250-9410

(2) ဖက်စ်- (202) 690-7442 သို့မဟုတ်

(3) အီးမေးလ်- program.intake@usda.gov.

Kansas Department of Health and Environment

KSFMNP

ဤအဖွဲ့အစည်းသည် တန်းတူညီမျှသော အခွင့်အရေး ပေးသူဖြစ်သည်။